# နိုင်ငံရေးပင်စင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

[ ၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၀ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံရေးပင်စင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ (က) နိုင်ငံရေးပင်စင် ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) နှင့် (၃) တို့ကို ပုဒ်မ ၇ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၃) နှင့် (၄) တို့အဖြစ် ပြင်ဆင်ရမည်၊

(ခ) အောက်ပါ ပုဒ်မခွဲငယ်ကို ပုဒ်မ ၇ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) အဖြစ် ဖြည့်စွက်ရမည်—

(၂) နိုင်ငံတော်ကောင်စီ ဒုတိယ ဥက္ကဋ္ဌ.... ကျပ် ၁၉၅၀
နိုင်ငံတော် ဒုတိယ သမ္မတ

၃။ (က) နိုင်ငံရေးပင်စင် ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (င) ပါ အကြောင်းအရာ အားလုံးကို ပယ်ဖျက်ရမည်၊

(ခ) နိုင်ငံရေးပင်စင် ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (ဃ) တို့ကို ပုဒ်မ ၉ ပုဒ်မခွဲ (ဂ)၊ (ဃ) နှင့် (င) အဖြစ် ပြင်ဆင်ရမည်၊

(ဂ) အောက်ပါ ပုဒ်မခွဲကို ပုဒ်မ ၉ ပုဒ်မခွဲ (ခ) အဖြစ် ဖြည့်စွက်ရမည်—

(ခ) ပါတီ ဒုတိယဥက္ကဋ္ဌ .... ကျပ် ၁၉၅၀

၄။ နိုင်ငံရေးပင်စင် ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (ရ) ဗဟိုဌာနမှူးများ ဆိုသည့် စကားရပ်ကို ဗဟိုဌာနကြီးမှူးများ ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ နိုင်ငံရေးပင်စင်ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (ဌ) ဗဟိုလုပ်ငန်း အဖွဲ့အစည်းဌာနမှူး ဆိုသည့် စကားရပ်ကို ဗဟိုလုပ်ငန်း အဖွဲ့အစည်း ဌာနကြီးမှူးများဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ နိုင်ငံရေးပင်စင် ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (ဍ) ကို အောက်ပါ ပုဒ်မခွဲဖြင့် အစားထိုးရမည်—

(ဍ) ဗဟိုနိုင်ငံရေးတက္ကသိုလ်ကျောင်းအုပ်ကြီး... ကျပ် ၁၅၀၀

၇။ (က) နိုင်ငံရေးပင်စင်ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (န) ပါ အကြောင်းအရာအားလုံးကို ပယ်ဖျက်ရမည်၊

(ခ) နိုင်ငံရေးပင်စင် ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (ပ)၊ (ဖ)၊ (ဗ)၊ (ဘ) နှင့် (မ) တို့ကို ပုဒ်မ ၉ ပုဒ်မခွဲ (န)၊ (ပ)၊ (ဖ)၊ (ဗ) နှင့် (ဘ) အဖြစ် ပြင်ဆင်ရမည်။